မော်ဖောင်းနယ်မြေ(၅)ကျေးရွာ

မော်ဖောင်းကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း(၂၀၁၈-၂၀၂၃)

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မော်ဖောင်းနယ်မြေ(၅)ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇွန်လ၊ ၂၀၁၉

# မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၅

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၅

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၅

(က) သီးနှံစိုက်ပျိုးရေး ၅

(ခ) မွေးမြူရေးလုပ်ငန်း ၆

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၆

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၇

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၇

(ခ ) ကျေးရွာမီးလင်းရေး ၇

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၇

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၈

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉

၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ ၉

၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၉

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၂

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၄

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၇၂




ရာသီဥတု
အလုပ်အကိုင်
ရေရရှိမှု
ဝင်ငွေများ
ရောဂါ
တိရစ္ဆာန်ရောဂါ
သီးနှံရောဂါ
သဘာဝဘေးအန္တရာယ်
ဝမ်းစာဖူလုံမှု
ပျော်ပွဲရွှင်ပွဲ


U·N·D·P
N·G·O

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

မော်ဖောင်း(နယ်မြေ(၅)) ကျေးရွာသည်ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မော်ဖောင်းကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့၏ အနောက်ဘက်(၉)မိုင်အကွာ လေတပ်၏ အနောက်ဘက်၊ မြစ်ကြီးနား-မန္တလေးကားလမ်းပေါ်တွင်တည်ရှိသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင် တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၁၅၄)ကေ၊ယာမြေ/တောင်ယာမြေ (၂၅)ကေ ၊ဥယျာဉ်ခြံမြေ (၂၄)ကေ၊ ကိုင်း/ကျွန်းမြေ(၂၃၁)ကေ၊ စားကျက်မြေ(၅)ကေနှင့် မြေလွတ်လပ် (၁၂၆) ကေ ၊စုစုပေါင်း (၅၆၅)ကေရှိသည်။ လယ်မြေ၊ ယာမြေ/တောင်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ ကိုင်း/ကျွန်းမြေများမှာမြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပြီး စားကျက်မြေနှင့် မြေလွတ်မြေလပ်များမှာ မြေဆီလွှာ အရည်အသွေးညံ့သည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်း အဖွဲ့ပေါင်း (၃) ဖွဲ့ရှိပြီး ဘာသာရေး သီးသန့်လုပ်ကိုင်သော အဖွဲ့များသာဖြစ်သည်။၄င်းအဖွဲ့များကို သုံးသပ်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်းအပြန်အလှန်ယုံကြည်မှုရှိသည်။လုပ်ငန်းလုပ်ဆောင်မှုကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည် နိုင်ကြသည်။

ကျေးရွာတွင် ပြင်ပဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုများမှာ ယခုလက်ရှိတွင် K.U.R.M (ခ) ဥသယံ အဖွဲ့အစည်းမှ စိုက်ပျိုးရေးအတွက် ငွေများထုတ်ချေး ပေးပြီး ရလာသော အတိုးများအား ကျေးရွာဖွံ့ဖြိုးရေးအတွက် အသုံးပြုလျက်ရှိသည်။ UNDP နှင့် မေတ္တာဖောင်ဒေးရှင်းများနှင့် ယခင်က ချိတ်ဆက်လုပ်ဆောင်ခဲ့ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် အိမ်ခြေ (၁၅၅) ရှိသည့်အနက် မြေယာမဲ့၇၆အိမ်(၄၉.၀၃%) ရှိသောကြောင့် ရွာအိမ်ခြေ၏ တစ်ဝက်ခန့်မှာ မြေယာမဲ့များဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ ဆင်းရဲသားတောင်သူ ၂၁ အိမ်၊ တောင်သူငယ် ၂၅ အိမ်ရှိသော်လည်း ပိုင်ဆိုင်မှုမြေကေ နည်းပြီး တောင်သူလတ် ၂၃ အိမ်နှင့် တောင်သူကြီး ၁၀ အိမ်မှာမြေယာပိုင်ဆိုင်မှုများကြောင်းတွေ့ရှိရပါသည်။ အဓိကအားဖြင့် စပါးနှင့်ပြောင်းတို့ကိုစိုက်ပျိုးကြသည်။မြေယာမဲ့အိမ်ထောင်စုသည် စုစုပေါင်းအိမ်ခြေ၏ တစ်ဝက်

ခန့်ဖြစ်ပြီးအများစုမှာ တောင်သူကြီး၊တောင်သူလတ်တို့အိမ်နှင့် နိုင်ငံခြားတွင်ကျပန်းသွားရောက်လုပ်ကိုင်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြသည်။ လက်ငင်ရေတွင်းဖြင့် တစ်နှစ်ပတ်လုံးသုံးစွဲနေသော စိုက်ကေ(၂)ကေ ရှိသည်။စပါးအထွက်နှုန်းမှာ တစ်ကေ ၂၀တင်း မှ ၃၀တင်းအထိထွက်ရှိသည်။ လယ်မြေကေပေါင်း (၁၇၉)ကေရှိသော်လည်း ကေ(၂၀) ခန့်သာ စပါးစိုက်ပျိုးနိုင်သည်။ ကျန်လယ်များမှာ နယ်မြေလုံခြုံမှုမရှိသောကြောင့် စိုက်ပျိုး နိုင်ခြင်းမရှိပါ။ ပြောင်းအထွက်နှုန်းမှာ မိုးပြောင်းထက် ဆောင်းပြောင်း က ပို၍ အထွက်များသည်။ တစ်ကေ ၃၀ တင်းမှ ၄၀ တင်းအထိထွက်သည်။ တစ်ဦးချင်းပိုင်ထွန်စက် ၆စီး၊ လက်တွန်းထွန်စက် ၇စီး၊ မြက်ရိတ်စက် (၁)ခုသာရှိသဖြင့် လုံလောက်မှုမရှိပါ။ ရွာပိုင်ခြွေလှေ့စက် (၁)စီး ရှိသော်လည်း ယခုအချိန်တွင် အသုံးမပြုတော့ပါ။

ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများကို လွယ်ကူစွာဝယ်ယူရရှိနိုင်ပြီး သဘာဝမြေဆွေးနွားချေး၊ အော်ဂဲနစ်မြေဩဇာ နှင့် အခြားအော်ဂဲနစ်သွင်းအားစုများ နှင့် ပါတ်သက်၍ အနည်းငယ်ဝယ်ယူနိုင်သော်လည်း သုံးစွဲလေ့မရှိ၊ ဗဟုသုတလည်းမရှိကြပါ။ လယ်ယာထွက်ကုန်သီးနှံဈေးကွက်နှင့် ကုန်သွယ်မှုမှာ သီးနှံများကို ရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိပါ။ ယခုနှစ်ပိုင်းများတွင် ဖျက်ပိုးအများအပြားကြရောက်သဖြင့် တောင်သူများအရှုံးပေါ်မှု များသောကြောင့် ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းရေးသင်တန်းများ ဖွင့်လှစ်ပေးစေလိုသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် နွားကို ၄၁ အိမ်မှ ၁၁၂ကောင်၊ နို့စားနွား ကို ၄ အိမ်မှ ၁၀၆ ကောင်၊ ကျွဲကို ၂ အိမ်မှ ၇ ကောင်၊ ဆိတ်ကို ၅ အိမ်မှ ၂၇ ကောင်၊ ဝက်ကို ၇၄ အိမ်မှ ၁၂၂ကောင်၊ ကြက်ကို ၁၂၉ အိမ်မှ ၈၆၉ ကောင် နှင့် ဘဲကို ၁၁ အိမ်မှ ၄၈ ကောင်မွေးမြူကြသည်။ မွေးမြူရေးနှင့် ပါတ်သက်၍ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိပြီး စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။

မျိုးတိရစ္ဆာန်များလည်း လက်လမ်းမီမှုမရှိပါ။ သွင်းအားစုများကို ဝယ်ယူနိုင်သော်လည်း လွယ်ကူစွာမဝယ်ယူနိုင်ပါ။အိမ်ခြံဝင်း အတွင်းတွင် မြေနေရာအလုံအလောက်မှုရှိသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် စိုက်မွေးမဟုတ်သောလုပ်ငန်းများမှာ ဆောက်လုပ်ရေးပန်းရံလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။ အများစုမှာ နိုင်ငံခြား (တရုတ်ပြည်နယ်စပ်)သို့ သွားရောက်ကာ ကျပန်းသွားရောက် အလုပ်လုပ်ကြသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာ နှင့်ဝန်ဆောင်မှုများမရရှိသောကြောင့် အလုပ်အကိုင်အခွင့်

အလမ်းနည်းပါးပြီး ကျွမ်းကျင်စွာတတ်မြောက်မှုလည်းအားနည်းကြသည်။ ထို့ကြောင့် အသက်မွေးဝမ်း ကျောင်းသင်တန်းများ တက်ရောက်လို ကြသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မော်ဖောင်းနယ်မြေ(၅)ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုအနေဖြင့် စိုက်ပျိုးရေးဘဏ်၊ သမဝါယမ၊ မြစိမ်းရောင် မှ ငွေချေးပေးခြင်း ၃ ခုရှိသည်။ ၃ ခုလုံးမှာ ကာလလတ် ချေးငွေများဖြစ်သောကြောင့် ရွာသူ/သားများနှင့် ကိုက်ညီသော နှစ်ရှည်ချေးငွေများချမှတ်ပေးရန် လိုအပ်သည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေ ၂၈ စင်း၊ စက်လှေ ၁၉ စင်း၊ စက်ဘီး ၇၅ စင်း၊ မော်တော်ဆိုင်ကယ် ၁၇၁ စီး၊ သုံးဘီးဆိုင်ကယ် ၅ စင်း၊ ကား ၂ စီးနှင့် ကား ၁၀စီး ၊နွားလှည်း ၃၀ စီးရှိသည်။ သယ်ယူပို့ဆောင်ရေးယာဉ်မျိုးစုံရှိပြီး ဆိုင်ကယ်ကိုအများဆုံး အသုံးပြုနေကြသည်။

ရွာတွင်းလမ်းများမှာမြေသားလမ်းများဖြစ်ပြီးမိုးတွင်းချိန်တွင်သွားလာရခက်ခဲ၍ နွေရာသီတွင်ဖုံထူသဖြင့် ရွာတွင်းလမ်းအဆင့်မြှင့်တင်ရန်လိုအပ်သည်။ လမ်းရေဝပ်နေရာများတွင် ရေပြွန်များ တပ်ဆင်လိုကြသည်။ ရွာတွင်းတံတားများမရှိပါ။

ရွာချင်းဆက်လမ်းမှာလည်း ကျောက်ခင်းလမ်းဖြစ်ကာ အသင့်အတင့်ကောင်းမွန်သည်။ ရေကြောင်းကို ပွင့်လင်းရာသီတွင် စိုက်ခင်းသို့သွားရောက်ရာ၌ အသုံးပြုကြသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရရှိပြီးဖြစ်သော်လည်း မဟာဓါတ်အားလိုင်းသုံးစွဲသူ (၉၂) အိမ်သာရှိပြီး ဆိုလာအသုံးပြုသူ (၈၁) အိမ်နှင့် ဒီဇယ်အင်ဂျင်သုံးစွဲသူ (၂) အိမ် ရှိသည်။ အချို့အိမ်များမှာ ဆိုလာနှင့် အင်ဂျင် ၂ မျိုးလုံး အသုံးပြုကြသည်ကို တွေ့ရသည်။ အိမ်ခြေနည်းသောနေရာများတွင် ဓါတ်မီးတိုင်မရောက်ရှိခြင်းကြောင့် လျှပ်စစ်မီးတိုင်များ တိုးချဲ့ပေးရန် တင်ပြကြသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တယ်လီဖုန်းအရေအတွက် ၂၄၆ လုံးရှိပြီး အမ်ပီတီ၊ တယ်လီနော၊ အော်ရီဒူး၊ မိုင်တဲ (၄) လိုင်းစလုံး မိပြီး လိုင်းကောင်းသည်။

ရေဒီယို ၄၅ လုံးအသုံးပြုနေကြသော်လည်း ယေဘူယျအားဖြင့် အသုံးပြုသူနည်းနေသည်ကို တွေ့ ရသည်။

တီဗီ ၆၀ လုံးနှင့် ဂြိုလ်တုစလောင်း (၂၂) လိုင်း (စကိုင်းနက်  + ပီအက်အိုင်) များကို အသုံးပြုကြသည်။

**၆။ ပညာရေး**

ကျေးရွာတွင်မူလတန်းကျောင်းအဆင့်သာရှိသောကြောင့် အလယ်တန်းနှင့် အထက်တန်းကို မောင်ဖောင်းကျေးရွာအုပ်စုတွင် ဆက်လက်သင်ယူကြရသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား ကျောင်းသူအနည်းငယ်ရှိသည်။ ကျောင်းဆောင် အသင့်အတင့်ကောင်းမွန်ပြီး လုံလောက်မှုရှိသော်လည်း ကျောင်းပရိဘောဂများလုံလောက်မှုမရှိပါ။ သင်ထောက် ကူပစ္စည်းများ လုံလောက်မှုလည်းမရှိပါ။ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု အသင့်အတင့်ရှိသည်။အားကစားပစ္စည်းလုံလောက်မှုလည်းမရှိပါ။

ကျေးရွာတွင် စာမတတ်သူများမှာ သက်ကြီးရွယ်အိုများသာဖြစ်ကြပါသည်။မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၃၁) ရာခိုင်နှုန်းအထိ များပြားပြီး၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၄) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူမှာ (၁၂) ရာခိုင်နှုန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၁.၅)ရာခိုင်နှုန်းသာရှိသဖြင့် ကျေးရွာတွင်ပညာရေး အားနည်းနေကြောင်းတွေ့ရှိရသည်။ မိဘများဆင်းရဲသောကြောင့် ကျောင်းနေ အရွယ်ကလေးများ ပြည်တွင်း / ပြည်ပသို့ရွှေ့ပြောင်း အလုပ်လုပ်ကိုင် နေရသောကြောင့် ဖြစ်သည်။

**၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် ကာကွယ်ဆေးများကို နှစ်စဉ်ပုံမှန်ထိုးပေးလေ့ရှိသည်။ ကျေးလက်ဆေးပေးခန်းမရှိသော်လည်း မော်ဖောင်းကျေးရွာအုပ်စုတိုက်နယ်ဆေးရုံရှိသည်။ အရေးပေါ်ဝန်ဆောင်မှုများရရှိသည်။ လျှပ်စစ်မီးမရရှိသေးသောကြောင့် လျှပ်စစ်မီးသွယ်တန်းလိုကြသည်။ မြို့နယ်ဆေးရုံ မှာ မြစ်ကြီးနားမြို့တွင်ရှိပြီး စမိုင်ခန့်ဝေးပြီး အရေးပေါ်လိုအပ်ပါက ကား(သို့) သုံးဘီးစီးလုံးငှား၍သွားကြရသည်။ ထို့ကြောင့် အရေးပေါ်လူနာတင်ယာဉ်ထောက်ပံ့ပေးရန် တင်ပြကြသည်။

ကျေးရွာတွင် သောက်ရေတွင်း (၁၈) တွင်းနှင့် အဝီစိတွင်း/တုံကင် (၂၈)တွင်း သာရှိပြီး တစ်ရွာလုံး နွေ၊မိုး၊ဆောင်းအသုံးပြု ကြရသည်။ရေအရည်အသွေးစစ်ဆေးထားမှုရှိပြီး ကောင်းမွန်သည်။ နွေရာသီအချိန်တွင် အနည်းငယ်ရေခမ်းမှုများဖြစ်တတ်သောကြောင့် ရေတွင်းများထပ်မံချထားပေးရန်တင်ပြကြသည်။

ကျေးရွာတွင် အိမ်ခြေ (၁၅၅) အိမ် ရှိပြီး ရေဆွဲအိမ်သာသုံးစွဲသည့် အိမ်ထောင် စု (၁)စု ၊ ရေလောင်း/ယင်လုံအိမ်သာ သုံးစွဲသည့် အိမ်ထောင်စု (၁၄၈)စု ၊ တွင်း/ဇလားရှိအိမ်သာ သုံးစွဲသည့် အိမ်ထောင်စု (၁) စု ၊ အိမ်သာမရှိသော အိမ်ထောင်စု(၅) စုရှိသည်။ ကျန်းမာရေး ဗဟုသုတအားနည်းကြသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု၊ မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် လက်လုပ်လက်စားကျပန်း လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်သည်။

သဘာဝ အပင်မျိုးစိတ်များ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များအား အလွန်အကျွံအမဲလိုက်ခြင်းကြောင်းပြုန်းတီးပျောက်ကွယ်သွားပြီးဖြစ်သည်။ သစ်တောပြုန်းတီးမှုများလည်းရှိ သည်။

**၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ**

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်နှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု ခေါင်းဆောင်မှု၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင်အမျိုးသမီးများတက်ကြွ စွာပါဝင်ကြသည်။ အမျိုးသမီးများ အိမ်တွင်း အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် အသိအမြင်မရှိသေးပါ။ လူကုန်ကူး ကာကွယ်တားဆီးရေးသင်တန်း၊ အမျိုး သမီး ကာကွယ်စောင့်ရှောက်မှုသင်တန်းတို့ကို ဖွင့်လှစ်ပေးရန်လိုအပ်သည်။

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း | ၁။ ရွာတွင်းလမ်းပြုပြင်ခြင်း/အဆင့်မြှင့်တင်ခြင်း<br>၂။ ရွာတွင်းရေဝပ်နေရာများရေပြွန်တပ်ဆင်ပေးရန် | ၁ |
| ၂ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ မူကြိုအတွက်ကျောင်းသုံးပရိဘောဂပစ္စည်း<br>၂။ မူကြိုအတွက် ကျောင်းသင်ထောက်ကူပစ္စည်း<br>၃။ ကျောင်းတွင်ရေသန့်စင်စက်တပ်ဆင်ပေးရန်<br>၄။ ကျောင်းအိမ်သာဆောက်လုပ်ပေးရန်<br>၅။ ကျောင်းခြံစည်းရိုးပြုလုပ်ပေးရန်<br>၆။ ဆင်းရဲသားပညာရေးရန်ပုံငွေထူထောင်ခြင်း | ၂ |

| | | | |
|---|---|---|---|
| ၃ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ အားကစားကွင်းပြုလုပ်ပေးရန်<br>၂။ စာကြည့်တိုက်ပြုလုပ်ပေးရန်<br>၃။ စာအုပ်များထောက်ပံ့ပေးရန်<br>၄။ အားကစားပစ္စည်းထောက်ပံ့ပေးရန်<br>၅။ စတိတ်ခုန်၊မီးစက်နှင့် Drum များထောက်ပံ့ပေးရန်<br>၆။ ကွန်ပျူတာသင်တန်း<br>၇။ အင်္ဂလိပ်စာသင်တန်း<br>၈။ အင်တာနက်အကျိုးရှိရှိအသုံးချနည်းသင်တန်း<br>၉။ မူးရစ်ဆေးဝါးဟောပြောပွဲ<br>၁၀။ လူကုန်ကူးကာကွယ်တားဆီးရေးသင်တန်း<br>၁၁။ ကိုယ်ခံပညာသင်တန်း<br>၁၂။ ဖုန်းပြုပြင်သင်တန်း<br>၁၃။လူငယ်များအတွက်ပစ္စည်းများသယ်ယူပို့ဆောင်ရန်ကား ထောက်ပံ့ခြင်း | ၃ |
| ၄ | ကျန်းမာရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ အရံသားဖွားသင်တန်း | ၄ |
| ၅ | စိုက်ပျိုးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းမှုသင်တန်း | ၅ |
| ၆ | ကျေးရွာလျှပ်စစ်မီးလင်းရေးဖွံ့ဖြိုးရေးစီမံကိန်း | ၁။ လျှပ်စစ်မီးတိုင်များတိုးချဲ့ပေးရန် | ၆ |
| ၇ | အမျိုးသမီးများစွမ်းဆောင် ရည်ဖွံ့ဖြိုးမှုစီမံကိန်း | ၁။ အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း<br>၂။ အမျိုးသမီးကာကွယ်စောင့်ရှောက်နည်းသင် တန်း | ၇ |
| ၈ | သောက်ရေသန့်ရရှိရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ရေတွင်းများတူးဖော်ပေးရန် | ၈ |

| | | | |
|---|---|---|---|
| ၉ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ နှစ်စဉ်ကျန်းမာရေးဟောပြောပွဲပြုလုပ်ပေးရန်<br>၂။ လူနာတင်ကားထောက်ပံ့ပေးရန်<br>၃။ဆေးခန်းသုံးပစ္စည်းနှင့် ဆေးဝါးထောက်ပံ့ပေးရန်<br>၄။ ဒေသခံသားဖွားဆရာမဦးစားပေးချထားပေးရန်<br>၅။ ဆေးခန်းတွင်လျှပ်စစ်မီးသွယ်တန်းရန်<br>၆။ ကျန်းမာရေးလေ့ကျင့်ခန်းသုံးပစ္စည်းထောက်ပံ့ပေးရန် | ၉ |
| ၁၀ | အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ လက်သမား/ပန်းရံသင်တန်း<br>၂။ စက်ချုပ်သင်တန်း<br>၃။ ဇာထိုး/ပန်းထိုးသင်တန်း<br>၄။ ကားပြင်သင်တန်း<br>၅။ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း<br>၆။ ချက်ပြုတ်နည်းသင်တန်း<br>၇။ ယက္ကန်းသင်တန်း<br>၈။ လျှပ်စစ်မီးပြုပြင်သင်တန်း<br>၉။ အလှပြင်သင်တန်း<br>၁၀။ ဆံပင်ညှပ်သင်တန်း | ၁၀ |
| ၁၁ | စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ မျိုးကောင်းမျိုးသန့် ရရှိရေး (သီးနှံ)<br>၂။ အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေ<br>၃။ ရေကာတာဆောက်လုပ်ရန် | ၁၁ |
| ၁၂ | သဘာဝဘေးလျှော့ချမှုဖွံ့ ဖြိုးမှု စီမံကိန်း | ၁။ မီးသတ်ရေကန်များ၊မီးသတ်ဆေးဗူးများထောက်ပံ့ပေး ခြင်း<br>၂။ သဘာဝဘေးလျှော့ချရေးသင်တန်း | ၁၂ |

**နောက်ဆက်တွဲ(၁)**

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ ဇယား)**

**ကျေးရွာ၊ ကျေးရွာ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၁ | ၁၁ | ၂၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၇ | ၄၈ | ၈၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၄ | ၆၈ | ၁၃၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၀ | ၅၁ | ၁၁၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၈ | ၂၆၃ | ၅၃၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၉ | ၂၅ | ၄၄ |
| **စုစုပေါင်း** | | **၄၅၉** | **၄၆၆** | **၉၂၅** |
| **စုစုပေါင်းအိမ်ထောင်စု** | | | | **၁၅၅** |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ မော်ဖောင်းနယ်မြေ(၅) ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၅၅စု ရှိပြီး လူဦးရေပေါင်း ၉၂၅ (ကျား ၄၅၉ + မ ၄၆၆) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၉၆ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်ထက် အနည်းငယ်ပိုနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ်စုစုပေါင်း ၂၂ ဦး ၊ ၂.၃၈% သာရှိသဖြင့် မွေးဖွါးနှုန်း ကျဆင်းလာနေသည်ကို တွေ့ရသည်။ ၅ နှစ်အောက်ကလေး ၈၅ဦး ( ၉.၁၉ %) ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ် ဆေးထိုးရမည့် ကလေးအရေအတွက်ကို အတိအကျသိနိုင်ပြီး ကာကွယ် ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ်ကလေး ၁၃၂ ဦး (ကျား ၆၄ + မ ၆၈) နှင့် အလယ်တန်းကျောင်းသားအရွယ် ၁၁၁ ဦး (ကျား ၆၀ + မ ၅၁ ) ရှိသည်ကိုသိခြင်းဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သောအရွယ် ၅၃၁ (ကျား ၂၆၈ + မ ၂၆၃ ) ၊ (၅၇.၄%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင် ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်း လုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသား

ဦးရေ သည် အမျိုးသမီးဦးရေထက် ၅ ဦး ပိုများနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၄၄ ဦး (ကျား ၁၉ + မ ၂၅) ဦး ( **၄.၇၆%**) ရှိသဖြင့် သက်ကြီးရွယ်ကြီးအရေအတွက် နည်းပြီး ကျေးရွာတွင် ကျန်းမာရေး အခြေအနေညံ့သည်ကို တွေ့ရသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသမီးဦး ရေသည် ၆ ဦး ပိုများနေသည်ကို တွေ့ရသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ပိုရှည်သည်ကို တွေ့ နိုင်သည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၄ | ၁၂၃ | ၂၅ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၃ | ၃၇ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၃ | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၇ | ၂၆ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၃ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၆ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၃ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၆ | ၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၄၄ | ၅၆ | ၁၀၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၅၃ | ၂၃၄ | ၁၇၆ | ☒ |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ မော်ဖောင်းနယ်မြေ(၅) ကျေးရွာတွင် အိမ်ခြေ ၁၅၅ ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိကကိုယ်ပိုင်လုပ်ကိုင်သူ (၇၄) အိမ် နှင့် အလုပ်လုပ်ကိုင်သူ (၁၂၃) ဦး၊ အလုပ်သမား အဖြစ်လုပ်ကိုင်သူ (၂၃) အိမ် နှင့် အလုပ်လုပ်ကိုင်သူ (၃၇)ဦး၊ လက်လီ-လက်ကားရောင်းဝယ်ရေး ကိုယ်ပိုင် ၃ အိမ်နှင့် အလုပ်လုပ်ကိုင်သူ (၇)ဦး ၊အလုပ်သမားအဖြစ်လုပ်ကိုင်သူ (၁) အိမ်နှင့် အလုပ်လုပ်ကိုင်သူ (၁)ဦး၊ ပို့ဆောင်ရေးလုပ်ငန်း ဖြစ်သော ကားမောင်းလုပ်ငန်းလုပ်ကိုင်သူ ၁အိမ် မှ အလုပ်လုပ်ကိုင်သူ (၁) ဦး ၊ စစ်မှုထမ်း(ငြိမ်း) ၂ အိမ်မှ ၂ ဦးနှင့် ဝန်ထမ်းအဖြစ်လုပ်ကိုင်သူ ၁ အိမ်မှ ၁ဦး၊ လူမှုရေးလုပ်ငန်း ဓမ္မဆရာအဖြစ်လုပ်ကိုင်သော အိမ် (၄)အိမ်မှ လုပ်ကိုင်သူ (၆)ဦး နှင့် အိမ်များ တွင်

အလုပ်သမားအနေဖြင့် အငှါးလုပ်ကိုင်သူ ၄၄ အိမ် မှ အလုပ်လုပ်ကိုင်သူ (၅၆ )ဦး၊ စုစုပေါင်း (၁၅၃) အိမ်နှင့် အလုပ်လုပ်ကိုင်သူ (၂၃၄)ဦးဖြစ်သည်။အိမ်ခြေ (၁၅၅) အိမ်ရှိသည့်အနက် အလုပ်လုပ်သော အိမ်ခြေ (၁၅၃) ရှိသည်ကိုတွေ့ရခြင်းအားဖြင့် (၂) အိမ်မှာ အလုပ်လက်မဲ့ဖြစ်ကြောင်းတွေ့ရှိရသည်။ အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူများ မှာ လယ်ယာ လုပ်ငန်းအဖြစ်ကိုယ်ပိုင်လုပ်ကိုင်သူ (၂၅) ဦး ၊ မွေးမြူရေးလုပ်ငန်းကိုယ်ပိုင်အဖြစ်လုပ်ကိုင်သူ (၂)ဦး၊ ငါးဖမ်းလုပ်ငန်းကို အလုပ်သမားအဖြစ်လုပ်ကိုင်သူ (၁) ဦး၊ သတ္တုတူးဖော်ရေးလုပ်ငန်း ရွှေကျင်ခြင်းကို ကိုယ်ပိုင်အဖြစ်လုပ်ကိုင်သူ (၃) ဦးနှင့် အလုပ်သမားအဖြစ်လုပ်ကိုင်သူ (၁) ဦး ၊လက်သမားလုပ်ငန်းကို အလုပ်သမားအဖြစ်လုပ်ကိုင်သူ (၁)ဦး ၊အပ်ချုပ်လုပ်ငန်းကို အလုပ်သမားအဖြစ်လုပ်ကိုင်သူ (၁)ဦး၊ ဈေးရောင်းလုပ်ငန်း လုပ်ကိုင်သူ ကိုယ်ပိုင် (၂၆)ဦးနှင့် အလုပ်သမားအဖြစ် လုပ်ကိုင်သူ (၃) ဦး၊ ကား မောင်းလုပ်ငန်းအလုပ်သမားအဖြစ်လုပ်ကိုင်သူ ၅ဦးနှင့် သုံးဘီးမောင်းလုပ်သားအဖြစ်လုပ်ကိုင်သူ ၁ဦး ၊ဆရာမအဖြစ်လုပ်ကိုင်သူ (၃)ဦး၊ ခမ္မဆရာအဖြစ်လုပ်ကိုင်သူ လုပ်သား (၄)ဦး ၊ ကျပန်းအဖြစ်လုပ်ကိုင်သူ (၁၀၀)ဦး ( ၁၇၇)ဦး ရှိသည်။ မော်ဖောင်းနယ်မြေ(၅) ကျေးရွာတွင် စုစုပေါင်းအလုပ်လုပ်ကိုင်သူ (၄၁၁)ဦး အဓိက (၂၃၄)ဦး + တွဲဖက် (၁၇၆)ဦး ရှိသည်။ ဇယား (၁) တွင် အလုပ်လုပ်နိုင်သော အရွယ် (၅၃၁) ဦး ရှိသော်လည်း ယခုအလုပ်လုပ်ကိုင်သူ ဦးရေစုစုပေါင်းမှာ (၄၁၁) (ကပ ၁၈၈ + လုပ်သား ၂၂၃= ၄၁၁) ဦးရှိသောကြောင့် အလုပ်လုပ်နိုင်သည့်အရွယ် အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်နေသူ စုစုပေါင်း (၃၇) မှအပ ကျန်ကျောင်းမနေတော့သည့် အလုပ်လုပ်သည့် အရွယ် ၈၃ ဦးမှာ အလုပ်လက်မဲ့ ဖြစ်နေ သည်။ ၁၅၅အိမ်ရှိသည့်အနက် ၁၅၃ အိမ်မှ အလုပ်လုပ်နေသူ ၄၁၁ ဦးရှိသောကြောင့် မိသားစု စားဝတ်နေရေးအတွက် တစ်အိမ်ထောင်ပျမ်းမျှ (၂.၆၈) ယောက်အလုပ်လုပ်နေရကြောင်းသိနိုင် သည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ ၁၇၇ ဦး ရှိသည်ကို ကြည့်ခြင်းအားဖြင့် ၁၅၃ အိမ်မှ ၁၇၇ ဦး သည် မိသားစုရပ်တည်ရေးအတွက် လုပ်ငန်း တစ်မျိုးထက်ပို၍ လုပ်နေကြရသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ပန်းရံလုပ်ငန်း | | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။** ။ မော်ဖောင်းနယ်မြေ(၅) ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၃ မျိုးရှိသည်ကို တွေ့ရသည်။ ၄င်းတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေး လက်သမား၊ပန်းရံလုပ်ငန်းတို့ဖြစ်သည်။အမျိုးသားသည် အမျိုးသမီးများထက်လုပ်အားခ အနည်းငယ်ပိုရ လေ့ရှိပြီး ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းခွင်များမှာ အမျိုးသမီးများသည် အမျိုးသား များထက်ပို၍ လုပ်အားခနည်းသည်ကိုတွေ့ရခြင်းအားခြင့် လုပ်အားခတန်းတူရရှိမှုမရှိကြောင်း တွေ့ရှိရ သည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၅၄ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၅ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၄ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၂၃၁ | ကောင်း ☐ သင့်☒ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၅ | ကောင်း ☐ သင့်☐ ညံ့ ☒ |
| မြေလွတ် မြေလပ် | ၁၂၆ | ကောင်း ☐ သင့်☐ ညံ့ ☒ |
| စုစုပေါင်း | ၅၆၅ | ☒ |

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ မော်ဖောင်းနယ်မြေ(၅) ကျေးရွာတွင် လယ် ၁၅၄ဧက၊ ယာမြေ/တောင်ယာမြေ ၂၅ ဧက၊ ဥယျာဉ်ခြံမြေ ၂၄ ဧက၊ ကိုင်း/ကျွန်းမြေ ၂၃၁ ဧက၊ စားကျက်မြေ ၅ဧကနှင့် မြေလွတ်မြေလပ် ၂၂ ဧက၊ စုစုပေါင်း (၅၆၅) ဧကရှိသည်။ လယ်မြေ၊ယာမြေ/တောင်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ ကိုင်း/ ကျွန်းမြေ များ၏မြေဆီလွှာ အရည်အသွေး မှာ အသင့်အတင့်ကောင်းမွန်ပြီး စားကျက်မြေ၊ မြေလွတ် မြေလပ်၏ မြေဆီလွှာအရည်အသွေးမှာ ညံ့ဖြစ်သည်။

## (ဂ–၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။) | များ ☐ သင့် နည်း မရှိ ☒ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☒ နည်း ☐ မရှိ ☐ | လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်မျ ား) | များ ☐ သင့်☐ နည်း ☒ မရှိ ☐ | လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☒မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။**

**လေ့လာတွေ့ရှိချက်။ ။ မော်ဖောင်း နယ်မြေ(၅)** ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်နှင့် အခြားတွင်းထွက် သယံဇာတများလည်းမရှိပါ။ ဆောက်လုပ်ရေး အတွက် သဲနှင့် ကျောက်ကို အသင့်အတင့်ရရှိနိုင်ပြီး မိုးတွင်းကာလမိုးများချိန်မှလွဲ၍ ပွင့်လင်းရာသီများ တွင် အလွယ်တကူအသုံးပြုနိုင်သည်။ ကျွန်း၊ ဆနွင်း၊ ဆင်တုံးမနွယ်၊ ဂျာမနီပင် စသည့် အပင်များ လောက်သာကျန်ရှိနေသည်။ သဘာဝ တိရစ္ဆာန်မျိုးစိတ် များအနေဖြင့် သစ်တောများပြုန်းတီး လာပြီး အလွန်အကျွံ အမဲလိုက် ကြ၍ ချေနှင့် ဆတ်တို့လောက်သာကျန်ရှိတော့သည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၅ ကေနှင့် အထက် | ၁၅ ကေနှင့် ၅ ကေကြား | ၅ ကေ–၂ကေ | ၂ကေအောက် |
| အိမ်အခြေအနေ | တိုက်အိမ်၊ ကျွေခင်း၊ကာလာ သွပ်မိုး | သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း | ရိုးရိုးသွပ်မိုး၊ ထရံကာ | ဝါးထရံ/ကြမ်းခင်း |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ ဆီစက်၊ဆန်စက်၊ မြက်ရိတ်စက်၊ ခြွေလှေ့စက် | ဆီစက်၊ မြက်ရိတ်စက်၊ လက်တွန်းထွန်စ က် | နွား၊ကျွဲ၊ ပေါက်တူး/ပြား၊ ဓါး | နွား၊ပေါက်တူး/ပြား ၊ပုဆိန်၊ဂေါ်ပြား၊ ဓါး |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ သုံးဘီး၊ ဖုန်း၊ တီဗွီ၊ ရေခဲသေတ္တာ | သုံးဘီး၊ ဖုန်း၊ ဆိုင်ကယ်၊ တီဗွီ | ဆိုင်ကယ်၊ဖုန်း၊ တီဗွီ | စက်ဘီး၊ တီဗွီ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူကြီး/အ ရောင်းအဝယ် | တောင်သူလတ်/ ဝန်ထမ်း/ ဈေးရောင်း | ဆင်းရဲသား တောင်သူ | မြေယာမဲ့၊ ကျပန်း၊ နေ့စားလုပ်သား |
| အိမ်ထောင်စု (၁၅၅) | ၁၂ | ၅၁ | ၈၄ | ၈ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** မော်ဖောင်းနယ်မြေ(၅)ကျေးရွာတွင် အိမ်ခြေ ၁၅၅ အိမ်ရှိပြီး အဆင့် ၁ (၁၂) အိမ် ( ၇.၇၄ %)၊ အဆင့် ၂ (၅၁)အိမ် ( ၃၂.၉%)၊ အဆင့် ၃ (၈၄) အိမ် (၅၄.၁၉%)၊နှင့် အဆင့် ၄ (၈) အိမ် (၅.၁၆%) ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှု နှင့်မဆိုင်သော ပစ္စည်းများ ပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့်ခွဲရာတွင် အဓိက အရေးပါ သည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်သည် အဆင့်(၃) နှင့် အဆင့်(၄) အရေအတွက်ထက် ပိုနည်းနေသည်ကိုတွေ့ရပြီး အဆင့် (၁)နှင့် အဆင့်(၂) အိမ်ထောင်စု များ မှာ ပိုင်ဆိုင်မှုအနေဖြင့် များပြားစွာ ပိုင်ဆိုင်ကြပြီး ဝမ်းစာဖူလုံကြသော်လည်း အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအိမ်ထောင်စု များမှာဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့် အများစုဖြစ်သော အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ် များသို့ ကျပန်းသွားရောက် လုပ်ကိုင် ကြရသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ဝမ်းစာဖူလုံမှု | | အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ၇<br>လုပ်အားခကြိုယူ = ____________ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဆင့် (၃) ၈၄ အိမ်နှင့် အဆင့် (၄) ၈ အိမ်ရှိသောကြောင့် ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်ရှိမှုစစ်တမ်းကို အဆင့် (၃) မှ ၂၅ အိမ်နှင့် အဆင့် (၄) မှ ၂ အိမ်ကို စစ် တမ်းကောက်ယူရမည်ဖြစ်သည်။ စစ်တမ်းကောက်ယူမှုအရ အခြားအစာပြောင်းလဲစားခြင်း၊ အစာလျှော့စားခြင်းနှင့် အထောက်အပံ့ယူခြင်းများသည် ကျေးရွာတွင်မရှိကြပါ။ ဝမ်းစာဖူလုံမှုအတွက် ချေးယူသော အိမ်ထောင်စုများမှာ ၇ အိမ်ထောင်စုသာရှိပြီး ကျန် ၂၀ အိမ်ထောင်စုခန့်မှာ ဈေးဆိုင်များတွင် အဟောင်းပေးအသစ်ယူစနစ်ဖြင့် ဝယ်ယူကြကြောင်းသိရှိရသည်။

### (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် | ၁ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** မော်ဖောင်းနယ်မြေ(၅)ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုဖ၄နှစ် နှင့်အထက်၊ မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်များ မရှိပါ။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုမှာ ၃စု၊ ဆင်းရဲ၍မိသားစ ုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု ၁ စု၊ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင် လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု ၁ စု ရှိသည်။ ၄င်းတို့အတွက် ကူညီစောင့်ရှောက်မှု အစီ အစဉ် များသီးခြားမရှိပါ။

**(၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** မော်ဖောင်းနယ်မြေ(၅)ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေများမှာ စားနပ်ရိက္ခာမဖူလုံမှု၊ သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ)၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင်၊ မီးဘေး၊ ဆားငန်ရေဝင်မြေ၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု၊ သစ်တောပြုန်းတီးခြင်း၊ ပြည်တွင်းပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု ၊ လူကုန်ကူးခြင်း၊ ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးစသည် များမရှိသေးပါ။

သို့သော် ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါများမှာ ထိခိုက်လွယ်မှု နိမ့်အခြေအနေတွင်ရှိသည်။

ထို့ကြောင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်ပါသည်။

### (င–၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☒ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၆ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မော်ဖောင်းနယ်မြေ(၅)ကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ၊ ဆင်းရဲသား တောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းများသည် ထိခိုက်သက် ရောက်နိုင်မှု မြင့် သည်။

လူငယ်များ ထိခိုင်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ လူငယ်များသည် မိသားစု ဝင်ငွေအတွက် အဓိက အလုပ်လုပ်ကိုင်ရသူများ ဖြစ်ပြီး မိသားစုနှင့် ဝေးကွာစွာ သွားရောက် အလုပ်လုပ်ကိုင်ရသောကြောင့် ကူးစက်ရောဂါများ အလွယ်တကူ ကူးစက်ခံရနိုင်မှုများခြင်း၊ ယဉ်တိုက်မှုအန္တရာယ် အချိန်မရွေး ကျရောက်နိုင်ခြင်း၊ လူကုန်ကူးခံရနိုင်ခြေများခြင်း၊ ခိုက်ရန်ဖြစ်ပွါးမှုများခြင်းကြောင့် ထိခိုက်သက် ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများနှင့် လက်လုပ်လက်စားများ၊ ကျပန်းများမှာလည်း ပုံမှန်အလုပ်အကိုင်မရှိခြင်းနှင့် လုပ်အားခနည်းသဖြင့် မိသားစု ဝင်ငွေနည်းသောကြောင့် အချိန်မရွေး ထိခိုက်သက်ရောက်မှု ဖြစ်နိုင်သောကြောင့် ထိခိုက်သက်ရောက်နိုင်မှု မြင့်သည်။

ရွှေတွင်းလုပ်သားများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများ ၊ ရွှေ့ပြောင်းလုပ်သားများ၊ ကားမောင်းပြီးအသက်မွေးသူများ၏ ထိခိုက်လွယ်မှုမှာနိမ့်ဖြစ်သည်။ ကျန်လူအုပ်စုများမှာ ထိခိုက်သက်ရောက်နိုင်မှု မရှိကြပါ။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အမျိုးသမီး | ၁☐ ၂☒ ၃☐ | - | ၇ | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၂ | အမျိုးသားကော်မတီအဖွဲ့ | ၁☐ ၂☒ ၃☐ | ၉ | - | ၉ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၃ | လူငယ်အဖွဲ့ | ၁☐ ၂☒ ၃☐ | ၅ | ၂ | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၄ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |
| ၅ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |
| ၆ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၇ | | ၁☐ ၂☐<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |
| ၈ | | ၁☐ ၂☐<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** မော်ဖောင်းနယ်မြေ(၅)ကျေးရွာအတွင်း အဖွဲ့ပေါင်း (၃) ဖွဲ့ရှိပြီး ဘာသာရေး သီးသန့်လုပ်ကိုင်သော အဖွဲ့များသာဖြစ်သည်။၎င်းအဖွဲ့များကို သုံးသပ်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည် နိုင်ကြသည်။

### (က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | ဥသုံ | ၁☐ ၂☒ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☒<br>စိုက်ပျိုးမွေးမြူရေး ☒<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

